







# ဒုက္ခသည်များ နှင့်နိုင်ငံရေးခိုလှုံ သူများကို USCIS မှကြိုဆိုပါသည်

U.S. Citizenship and Immigration Services

M-1186-BUR (8/20)

# ဒုက္ခသည်များ နှင့်နိုင်ငံရေးခိုလှုံသူများကို USCIS မှကြိုဆိုပါသည်

U.S. Citizenship and Immigration Services

# ဒုက္ခသည်များနှင့် နိုင်ငံရေး ခိုလှုံသူများကို USCIS မှကြိုဆို ပါသည်

အမေရိကန်ပြည်ထောင်စု နိုင်ငံသားနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုများ (USCIS) သည် အမေရိကန်ပြည်ထောင်စု အမိမြေလုံခြုံရေး ဌာန (DHS) ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး သင့်အား ဒုက္ခသည်သို့မဟုတ် နိုင်ငံရေးခိုလှုံသူအနေဖြင့် အမေရိကန်ပြည်ထောင်စုမှ ကြိုဆိုလျက်ရှိပါသည်။ သင်၏ အရည်အချင်းနှင့် ပင်ကိုယ်စွမ်းရည်များကို ကျွန်ုပ်တို့က တန်ဖိုးထားပါသည်။ အမေရိကန် ပြည်ထောင်စုတွင် သင့် အသိုင်းအဝိုင်းအတွင်းသို့ အခြေကျစေရန် နှင့် ဘဝတွင် အောင်မြင်စေရန် အတွက် ကျွန်ုပ်တို့မှ ကူညီပေးလိုပါသည်။ အမေရိကန်နိုင်ငံသားတစ်ဦး မည်သို့ဖြစ်လာနိုင်ကြောင်း အချက်အလက်များကိုလည်း မျှဝေလိုပါသည်။

အမေရိကန်ပြည်ထောင်စုတွင် အခြေချခြင်းအကြောင်းနှင့် အခွင့်အရေးများ၊ တာဝန်ဝတ္တရားများနှင့် အမေရိကန် နိုင်ငံသားဖြစ်ခြင်း၏ အရေးပါပုံကို ယခုလက်ကမ်းစာစောင်မှ လေ့လာနိုင်ပါသည်။ အမေရိကန် နိုင်ငံသားတစ်ဦးဖြစ်ခြင်းဖြင့် အမေရိကန်နိုင်ငံသားအားလုံးနည်းတူ အခွင့်အရေးများကို ပေးစွမ်းသည့်အပြင် နိုင်ငံသားတိုင်းအတွက် မျှဝေပိုင်ခြင်းဟူသည့် စိတ်ဓာတ်တစ်ခုကို ပျိုးထောင်ပေးပါသည်။

# အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ

အမေရိကန်ပြည်ထောင်စုတွင် နေထိုင်လျက်ရှိသော အခြားသူများနည်းတူ ဒုက္ခသည် သို့မဟုတ် နိုင်ငံရေးခိုလှုံသူတစ်ဦး ဖြစ်သူတို့တွင် အခွင့်အရေးများစွာ ရှိပါသည်။ လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာ ဘာသာတရား ယုံကြည် ကိုးကွယ်ပိုင်ခွင့်နှင့် လွတ်လပ်စွာ စုဝေးပိုင်ခွင့်တို့မှာ ထိုအခွင့်အရေးများထဲမှ အချို့ဖြစ်သည်။




သင့်တွင် တာဝန်ဝတ္တရားများလည်း ရှိပါသည်။ အမေရိကန်ပြည်ထောင်စုရှိ လူတိုင်းသည် ဥပဒေကို လိုက်နာရမည်။ သင်နေထိုင်ခဲ့ဖူးသော နိုင်ငံအတွင်းရှိ ဥပဒေများနှင့် ကွဲပြားခြားနားနိုင်သဖြင့် အမေရိကန်ပြည်ထောင်စု၏ ဥပဒေများကို နားလည်ထားရန် လိုအပ်ပါသည်။ အမေရိကန်သမိုင်း၊ အစိုးရနှင့် ယဉ်ကျေးမှုအကြောင်း လေ့လာခြင်းဖြင့် အမိမြေကဲ့သို့ ခံစားလာရနိုင်ပါသည်။

**သင်၏အခွင့်အရေးများမှာ-**

- အမေရိကန်ပြည်ထောင်စုအတွင်း မည်သည့်နေရာတွင်မဆို နေထိုင်ခွင့်
- အမေရိကန်ပြည်ထောင်စုအတွင်း အလုပ်လုပ်ကိုင်ခွင့်
- သတ်မှတ်ချက်များနှင့် ကိုက်ညီပါက အမေရိကန်ပြည်ထောင်စုမှ ထွက်ခွာပြီး ပြန်လည်ဝင်ရောက်ခွင့်
- ပြည်နယ်ဥပဒေပြဌာန်းချက်များအရ အသက်အရွယ်တစ်ခုအထိ အစိုးရကျောင်းတွင် တက်ရောက်ခွင့်
- ကန့်သတ်ချက်မရှိသော လူမှုဖူလုံရေးကဒ်ပြား လျှောက်ထားခွင့်
- သင်နေထိုင်သော ပြည်နယ် သို့မဟုတ် နယ်နိမိတ်အတွင်း ယာဉ်မောင်းလိုင်စင် သို့မဟုတ် အခြား အစိုးရ မှတ်ပုံတင်ကဒ်ပြား လျှောက်ထားခွင့်
- သတ်မှတ်ချက်များနှင့် ကိုက်ညီခဲ့သော် တရားဝင် အမြဲတမ်း နေထိုင်ခွင့်နှင့် အမေရိကန်နိုင်ငံသား လျှောက်ထားခွင့်
- သင်၏ အိမ်ထောင်ဖက် သို့မဟုတ် လက်ထပ်ထားခြင်းမရှိသော ကလေးတို့ကို နိုင်ငံရေးခိုလှုံခွင့် သို့မဟုတ် ဆင့်ပွါးဒုက္ခသည်အဖြစ် အမေရိကန်ပြည်ထောင်စုတွင် နေထိုင်နိုင်ရန် တောင်းဆိုခွင့်
- ရာဇဝတ်မှု သို့မဟုတ် ဥပဒေ စိုးမိုးရေးကို အလွဲသုံးစားပြုမှုတို့ကို တိုင်ကြားပြီး အကူအညီ လက်ခံရယူ ခွင့်

**သင့်တွင် တာဝန်ဝတ္တရားများရှိပြီး အောက်ပါတို့ကို လုပ်ဆောင်ရန် လိုအပ်သည်-**

- သင်သည် နိုင်ငံရေးခိုလှုံသူတစ်ဦး ဖြစ်နေစေကာမူ အမေရိကန် ပြည်ထောင်စုမှ မထွက်ခွာခင် ဒုက္ခသည် ခရီးသွား စာရွက်စာတမ်းများ လျှောက်ထားခြင်းဖြင့် နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ကို တောင်းခံခြင်း
- ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသဆိုင်ရာဥပဒေများ အားလုံးကို လိုက်နာခြင်း
- သက်ဆိုင်ရာ ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသဆိုင်ရာ အခွန်ထမ်းဆောင်ခြင်း
- အသက် ၁၈ မှ ၂၆ နှစ်အကြားရှိ အမျိုးသားဖြစ်ပါက စစ်မှုထမ်းဆောင်ရန် စာရင်းပေးသွင်းခြင်း
- အိမ်ပြောင်းပြီး ၁၀ ရက်အတွင်း သင်၏ လိပ်စာအသစ်ကို USCIS ထံ အသိပေးအကြောင်းကြားခြင်း
- အရွယ်မရောက်သေးသော သင်၏ကလေးငယ်များကို ကျောင်းထားခြင်း
- သင်သည် ဒုက္ခသည်တစ်ဦးဖြစ်ပါက အမေရိကန်ပြည်ထောင်စုသို့ရောက်ရှိပြီး ၁ နှစ်ကြာပြီးနောက် တရားဝင် အမြဲတမ်းနေထိုင်ခွင့် လျှောက်ထားခြင်း

# အမေရိကန်ပြည်ထောင်စုတွင် အခြေချနေထိုင်ခြင်း

အမေရိကန်ပြည်ထောင်စုရှိ အစိုးရအဆင့်တိုင်းသည် သင်အခြေချနေထိုင်နိုင်စေရန် မတူညီသော အခန်းကဏ္ဍများတွင် ပါဝင်ကူညီပေးပါသည်။ သင်၏ ပြန်လည် အခြေချနေထိုင်ခြင်း လုပ်ငန်းစဉ်အတွင်း ဖက်ဒရယ်၊ ပြည်နယ်နှင့် ဒေသဆိုင်ရာ အစိုးရရုံးများနှင့် ဆက်သွယ်နိုင်ပါသည်။



သင့်အတွက် သင့်လျော်သည့် အစိုးရ အထောက်အပံ့ အစီအစဉ်သို့ ကူညီဦးတည်ပေးနိုင်ရန်အတွက် ပြည်နယ် ဒုက္ခသည် ညှိနှိုင်းရေးမှူး၊ ပြည်နယ် ဒုက္ခသည် ကျန်းမာရေးညှိနှိုင်းရေးမှူး၊ ပြန်လည် အခြေချနေထိုင်ရေး အေဂျင်စီသို့မဟုတ် ရွှေ့ပြောင်းနေထိုင်သူများနှင့် လုပ်ကိုင်ဆောင်ရွက်သည့် အသိုင်းအဝိုင်းအခြေပြု အဖွဲ့အစည်းအား ဆက်သွယ်ပါ။ အစိုးရ အထောက်အပံ့ အစီအစဉ် အများအပြားတွင် သင့်အား နိုင်ငံရေးခိုလှုံခွင့် သို့မဟုတ် ဒုက္ခသည်အဖြစ်ခွင့်ပြုသည့် ရက်စွဲမှစတင်၍ အချိန်ကာလအကန့်အသတ်ရှိပါသည်။

အင်္ဂလိပ်စာလေ့လာရန် အကူအညီလိုအပ်ပါက အင်္ဂလိပ်စာသင်တန်းတွင် စာရင်းပေးသွင်းနိုင်ပါသည်။ အင်္ဂလိပ်စာ သင်တန်း၊ အခြားသင်တန်းနှင့် ဝန်ဆောင်မှုများအကြောင်း အချက်အလက်များကို ပြန်လည် အခြေချနေထိုင်ရေး အေဂျင်စီ၊ အစိုးရ စာကြည့်တိုက်၊ လူမှုဝန်ဆောင်မှု အေဂျင်စီ သို့မဟုတ် ကိုးကွယ်ရာနေရာများတွင် စုံစမ်းနိုင်ပါသည်။

## သင်၏ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းစဉ်၏ နောက်ထပ်အဆင့်များ

လွန်ခဲ့သည့် ၂ နှစ်အတွင်းဒုက္ခသည်အဖြစ် အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်ခဲ့ခြင်း သို့မဟုတ် လွန်ခဲ့သည့် ၂ နှစ်အတွင်း နိုင်ငံရေးခိုလှုံသူအဖြစ် သတ်မှတ်ခြင်းခံရသူဖြစ်ပါက မိသားစုဝင်အချို့ကို သင်နှင့်အတူ လာရောက်နေထိုင်ရန် လျှောက်ထားနိုင်ပါသည်။ အောက်ပါ မိသားစုဝင်များအတွက် လျှောက်ထားနိုင်ပါသည်။

- အိမ်ထောင်ဖက်
- ကလေး (သင်ဒုက္ခသည် သို့မဟုတ် နိုင်ငံရေးခိုလှုံခွင့် လျှောက်ထားချိန်တွင် အသက် ၂၁ နှစ်အောက် အိမ်ထောင် မကျသေးသူ)

နိုင်ငံရေးခိုလှုံခွင့် ရရှိသည့်နေ့ သို့မဟုတ် ဒုက္ခသည်အဖြစ် ဝင်ခွင့်ပြုသည့်နေ့ မှစ၍ ၂ နှစ်အတွင်း သို့မဟုတ် လူသားချင်းစာနာမှု

ဆိုင်ရာ အကြောင်းအရင်းများကို ဖော်ပြကာ ၂ နှစ်တာ ကာလကို တိုးမြှင့်ရန် ဒုက္ခသည်/နိုင်ငံရေးခိုလှုံသူ ဆွေမျိုးလျှောက်လွှာ I-730 ပုံစံကို ဖြည့်စွက်ပြီး USCIS ထံသို့တင်သွင်းရပါမည်။ ပုံစံကို uscis.gov/i-730 တွင် ရရှိနိုင်ပါသည်။

## တရားဝင် အမြဲတမ်းနေထိုင်ခွင့်

တရားဝင် အမြဲတမ်းနေထိုင်ခွင့်လက်မှတ်ကိုင်ဆောင်သူ (အစိမ်းရောင်ကဒ် ကိုင်ဆောင်သူ)သည် အမေရိကန် ပြည်ထောင်စုအတွင်း တရားဝင် အမြဲတမ်း နေထိုင်လုပ်ကိုင်ခွင့်ပေးအပ်ခြင်းခံရသူဖြစ်သည်။ အတည်ပြုခြင်းကို သက်သေပြနိုင်ရန်အတွက် အစိမ်းရောင်ကဒ်ဟု ခေါ်လေ့ရှိသော တရားဝင် အမြဲတမ်းနေထိုင်ခွင့်ကဒ်ပြားအား ပေးအပ်ပါသည်။ အစိမ်းရောင်ကဒ်ကို ရရှိခြင်းဖြင့် အမေရိကန်နိုင်ငံသားအဖြစ် လျှောက်ထားရန်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေသည်။ (အောက်တွင် အသေးစိတ်ရေးသားထားသည်။)

- အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိပြီး ၁ နှစ်အကြာတွင် ဒုက္ခသည်များအနေဖြင့် အမြဲတမ်းနေထိုင်ခွင့် ကဒ်ပြားကို **မဖြစ်မနေ** လျှောက်ထားရမည်။ လျှောက်လွှာတင်သွင်းသည့်အချိန်တွင် ဒုက္ခသည်များအနေဖြင့် အမေရိကန်ပြည်ထောင်စုတွင် ၁ နှစ် နေထိုင်ပြီးသူဖြစ်ရမည်။
- နိုင်ငံရေးခိုလှုံခွင့် ရရှိပြီး ၁ နှစ်အကြာတွင် နိုင်ငံရေးခိုလှုံသူများအနေဖြင့် အမြဲတမ်းနေထိုင်ခွင့် ကဒ်ပြားကို လျှောက်ထား**နိုင်**သည်။ လျှောက်လွှာတင်သွင်းသည့်

အချိန်တွင် နိုင်ငံရေးခိုလှုံသူများအနေဖြင့် အမေရိကန်ပြည်ထောင်စုတွင် ၁ နှစ် နေထိုင်ပြီးသူဖြစ်ရမည်။

အမြဲတမ်းနေထိုင်ခွင့်ရှိသူဖြစ်ရန်နှင့် တရားဝင် အမြဲတမ်းနေထိုင်ခွင့်ကဒ်ပြားကို လျှောက်ထားရန် I-485 ပုံစံဖြစ်သည့် အမြဲတမ်း နေထိုင်ခွင့်စာရင်းသွင်းခြင်း လျှောက်လွှာ သို့မဟုတ် အခြေအနေကို ထိန်းညှိရန်လျှောက်လွှာကို ဖြည့်သွင်းရမည်။ လျှောက်လွှာကို uscis.gov/i-485 တွင် ရရှိနိုင်သည်။ I-485 ပုံစံကို ဖြည့်သွင်းရာတွင် နိုင်ငံရေးခိုလှုံသူများအတွက် လျှောက်လွှာကြေး ရှိသော်လည်း ဒုက္ခသည်များအတွက် I-485 ပုံစံ လျှောက်လွှာကြေး မရှိပါ။ သင်၏ဒေသခံ ပြန်လည် အခြေချနေထိုင်ရေး အေဂျင်စီကဲ့သို့ အသိုင်းအဝိုင်း အခြေပြု အဖွဲ့အစည်းများအနေဖြင့် သင့်အား ယခု လုပ်ငန်းစဉ်အတွက် အကူအညီ ပေးနိုင်ပါသည်။

## ဒုက္ခသည်များ

သင်သည် ဒုက္ခသည်တစ်ဦးဖြစ်ပါက အမေရိကန် ပြည်ထောင်စုသို့ ဒုက္ခသည်အဖြစ် ရောက်ရှိပြီး ၁နှစ်အကြာတွင် ဥပဒေအရ တရားဝင် အမြဲတမ်း နေထိုင်သူအဖြစ် လျှောက်ထားရန် လိုအပ်ပါသည်။

**တရားဝင် အမြဲတမ်း နေထိုင်သူအဖြစ် လျှောက်ထားခြင်း**

အမြဲတမ်းနေထိုင်ခွင့်လျှောက်လွှာသို့မဟုတ် အခြေအနေ ကို ထိန်းညှိရန်လျှောက်လွှာ I-485 ပုံစံကို ဖြည့်သွင်း ရမည်။ ဒုက္ခသည်များသည် I-485 ပုံစံ လျှောက်လွှာကြေး နှင့် ဇီဝ မက်ထရစ် ဝန်ဆောင်ခများ ပေးဆောင်ရန် မလိုအပ်ပါ။

## ဒုက္ခသည်များ

အောက်ပါ အချက်များနှင့် ကိုက်ညီပါက လျှောက်ထားနိုင်ပါသည်။

- ဒုက္ခသည်အဖြစ် အမေရိကန်တွင် အနည်းဆုံး ၁ နှစ် နေထိုင်ခဲ့သူ
- I-485 ပုံစံ ကိုလျှောက်တင်စဉ် အမေရိကန် ပြည်ထောင်စုတွင် နေထိုင်လျက်ရှိခြင်း
- အမေရိကန် ပြည်ထောင်စုအတွင်းတွင် ရွှေ့ပြောင်းနေထိုင်သူ အဖြစ် လက်ခံထားနိုင်ခြင်း
- ဒုက္ခသည်အဖြစ်မှ ပယ်ဖျက်ထားခြင်း မရှိသေးသူ

အသေးစိတ် အချက်အလက်များအတွက် uscis.gov/i-485 နှင့် uscis.gov/greencard/refugees တွင်လေ့လာ နိုင်သည်။

**အမေရိကန်နိုင်ငံသား လျှောက်ထားမှု**

သတ်မှတ်ထားသော နှစ်အကန့်အသတ်အထိ တရားဝင် အမြဲတမ်းနေထိုင်သူဖြစ်ပြီး သတ်မှတ်ချက်အားလုံး ပြည့်မှီသူဖြစ်ပါက နိုင်ငံသားဖြစ်ခွင့်ရှိပါသည်။ အသေးစိတ် အချက်အလက်များ အတွက် uscis.gov/citizenship တွင်လေ့လာ နိုင်သည်။

## နိုင်ငံရေးခိုလှုံသူများ

သင်သည် နိုင်ငံရေးခိုလှုံသူတစ်ဦးဖြစ်ပါက နိုင်ငံရေး ခိုလှုံခွင့် ရရှိပြီး ၁နှစ်အကြာတွင် တစ်ချိန်လုံး နေထိုင်ခဲ့သော် တရားဝင် အမြဲတမ်း နေထိုင်သူအဖြစ် လျှောက်ထားရန် မလိုအပ်သော်လည်း လျှောက်ထားနိုင်ပါသည်။

**တရားဝင် အမြဲတမ်း နေထိုင်သူအဖြစ် လျှောက်ထားခြင်း**

အမြဲတမ်းနေထိုင်ခွင့်လျှောက်လွှာသို့မဟုတ် အခြေအနေကို ထိန်းညှိရန်လျှောက်လွှာ I-485 ပုံစံကို ဖြည့်သွင်းရမည်ဖြစ်ပြီး လျှောက်လွှာ ကြေး နှင့် ဇီဝ မက်ထရစ် ဝန်ဆောင်ခများ ပေး ဆောင်ရမည်။

အောက်ပါ အချက်များနှင့် ကိုက်ညီပါက လျှောက်ထားနိုင်ပါသည်။

- နိုင်ငံရေးခိုလှုံခွင့် ရရှိပြီး အမေရိကန်တွင် အနည်းဆုံး ၁ နှစ် နေထိုင်ခဲ့သူ
- I-485 ပုံစံ ကိုလျှောက်တင်စဉ် အမေရိကန် ပြည်ထောင်စုတွင် နေထိုင်လျက်ရှိခြင်း
- ဒုက္ခသည်ဟူသည့် အဓိပ္ပါယ်နှင့် ဆက်လက်ပြီး ကိုက်ညီနေခြင်း သို့မဟုတ် ဒုက္ခသည်၏ အိမ်ထောင်ဖက်/ကလေး ဖြစ်နေခြင်း
- မည်သည့် ပြည်ပနိုင်ငံတွင်မဆို အခြေတကျမရှိသေးသူ
- အမေရိကန်ပြည်ထောင်စုတွင် ရွှေ့ပြောင်းနေထိုင်သူအဖြစ် လက်ခံထားနိုင်ခြင်း
- နိုင်ငံရေးခိုလှုံသူအဖြစ်မှ ပယ်ဖျက်ထားခြင်း မရှိသေးသူ

အသေးစိတ် အချက်အလက်များအတွက် uscis.gov/i-485 နှင့် uscis.gov/greencard/asylees တွင်လေ့လာ နိုင်သည်။

## နိုင်ငံရေးခိုလှုံသူများ

**အမေရိကန်နိုင်ငံသား လျှောက်ထားမှု**

သတ်မှတ်ထားသော နှစ်အကန့်အသတ်အထိ တရားဝင် အမြဲတမ်းနေထိုင်သူဖြစ်ပြီး သတ်မှတ်ချက်အားလုံး ပြည့်မီသူဖြစ်ပါက နိုင်ငံသားဖြစ်ခွင့်ရှိပါသည်။ အသေးစိတ် အချက်အလက်များအတွက် uscis.gov/citizenship တွင်လေ့လာနိုင်သည်။

# နိုင်ငံသားဖြစ်တည်မှု

နိုင်ငံသားဖြစ်ခြင်းသည် အမေရိကန်လူမျိုးသားလုံးကို ချိတ်ဆက်ပေးထားပါသည်။ ကျွန်ုပ်တို့သည် လူမျိုး၊ ဘာသာဖြင့် စည်းလုံးထားခြင်းမဟုတ်ဘဲ လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုတို့ဖြင့် စည်းလုံးထားသော နိုင်ငံဖြစ်ပါသည်။ အမေရိကန်နိုင်ငံသားဖြစ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ နိုင်ငံသည် မည်ကဲ့သို့ အုပ်ချုပ်မှုမျိုးရှိကြောင်း သိရှိနိုင်ပါသည်။

တရားဝင် အမြဲတမ်းနေထိုင်သူအဖြစ် သင်၏အပြုအမူများသည် နောက်ပိုင်းတွင် အမေရိကန်နိုင်ငံသားဖြစ်တည်ခွင့် အပေါ် သက်ရောက်မှုရှိပါသည်။ အမေရိကန်နိုင်ငံသားဖြစ်ရန် လုပ်ငန်းစဉ်ကို နိုင်ငံသားဖြစ်ခွင့်ဟုခေါ်ပါသည်။ အမေရိကန်နိုင်ငံသား ဖြစ်ခွင့်ရှိရန် သတ်မှတ်ချက်များအားလုံးနှင့် ပြည့်မီရပါမည်။



ယေဘုယျအားဖြင့် တရားဝင် အမြဲတမ်းနေထိုင်သူအဖြစ် သတ်မှတ်နှစ်ပေါင်းနေထိုင်ခဲ့ပြီးပါက နိုင်ငံသားဖြစ်ခွင့် အတွက်

လျှောက်ထားနိုင်ပါသည်။ တရားဝင် အမြဲတမ်း နေထိုင်ခွင့် ရရှိပြီးသည့်နေ့မှစတင်ပြီး ၅နှစ် အကြာတွင် ဒုက္ခသည်များနှင့် နိုင်ငံရေး ခိုလှုံသူများသည် နိုင်ငံသားဖြစ်ပိုင်ခွင့်ကို လျှောက်ထားနိုင်ပါသည်။ နိုင်ငံရေးခိုလှုံသူများ သည် I-485 ပုံစံ အတည်ပြုခြင်း မခံရသေး ခင် ၁နှစ်အလိုနေ့စွဲဖြင့် တရားဝင် အမြဲတမ်း နေထိုင်သူအဖြစ် နေထိုင်ခွင့်ပြုပါသည်။ I-485 ပုံစံ အတည်ပြုပြီးနောက် ဒုက္ခသည်များကို အ မေရိကန်ပြည်ထောင်စုသို့ ရောက်ရှိသည့်နေ့စွဲ ဖြင့် တရားဝင် အမြဲတမ်းနေထိုင်သူအဖြစ် နေထိုင်ခွင့်ပြုပါသည်။

နိုင်ငံသားဖြစ်ပိုင်ခွင့် သတ်မှတ်ချက်များ အားလုံးကို uscis.gov/citizenship တွင် ကြည့်ရှု နိုင်ပါသည်။ အချို့သော သတ်မှတ်ချက်များ မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- သတ်မှတ် အချိန်ကာလတစ်ခုအထိ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ရပါမည်။
- အမေရိကန်ပြည်ထောင်စုတွင် စဉ်ဆက်မပြတ်နေထိုင်သူ ဖြစ်ရပါမည်။
- ကိုယ်ကျင့်တရား ကောင်းမွန်သူဖြစ်ရပါမည်။
- အခြေခံ အင်္ဂလိပ်စာကို ရေးဖတ် ပြောဆိုနိုင်သူဖြစ်ပြီး အမေရိကန်ပြည်ထောင်စု သမိုင်းနှင့်အစိုးရ (လူထုရေးရာ) ကိုနားလည်သူ ဖြစ်ရပါမည်။
- အမေရိကန် ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အခြေခံမူများနှင့် စံနှုန်းများကို ထောက်ခံရန်နှင့် အမေရိကန်ပြည်ထောင်စု အပေါ် သစ္စာရှိရန် ကျမ်းကျိန်ဆိုရန် ဆန္ဒရှိဖို့ လိုအပ်ပါသည်။

နိုင်ငံသားဖြစ်ပိုင်ခွင့် လျှောက်ထားရန်အတွက် နိုင်ငံသားဖြစ်ပိုင်ခွင့် လျှောက်လွှာပုံစံ N-400 ကို uscis.gov/n-400 တွင် အွန်လိုင်းမှတစ်ဆင့် လျှောက်ထားရမည်။ N-400 လျှောက်လွှာ ကြေးနှင့် ဇီဝမက်ထရစ် ဝန်ဆောင်မျာကို အွန်လိုင်းမှ ပေးချေနိုင်ပါသည်။ နိုင်ငံသားဖြစ်ပိုင်ခွင့် သတ်မှတ်ချက်များအပေါ် ခြွင်းချက်ပေးခြင်းနှင့် ပြုပြင်မွမ်းမံခြင်းများ ရှိပါသည်။ မသန်စွမ်းသူများအတွက် USCIS မှ နေရာထိုင်ခင်း စီစဉ်ပေးပါသည်။ ဒေသခံ ပြန်လည်အခြေချနေထိုင်ရေး အေဂျင်စီကဲ့သို့ အသိုင်းအဝိုင်းအဖွဲ့အစည်းအများအပြားသည် နိုင်ငံသားဖြစ်ပိုင်ခွင့်အတွက် ကူညီ ပြင်ဆင်ပေးနိုင်ပါသည်။

အမေရိကန် နိုင်ငံသားဖြစ်တည်မှုနှင့်အတူ ဖက်ဒရယ်ရွေးကောက်ပွဲတွင် မဲပေးခွင့်၊ တရားရေးတွင် တာဝန်ထမ်းဆောင်ခွင့်၊ အမေရိကန် နိုင်ငံကူးလက်မှတ်ဖြင့် ခရီးသွားခြင်း၊ ဖက်ဒရယ် အလုပ်အကိုင် လျှောက်ထားခွင့်အပြင် ရွေးကောက်ခံ



အရာရှိ အစရှိသည့် အကျိုးခံစားခွင့်များ၊ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများစွာ ပူးတွဲ ပါဝင်ပါသည်။

## USCIS ကိုဆက်သွယ်ရန်

အချက်အလက်များ ပိုမိုသိရှိရန်၊ သင်၏ လျှောက်ထားမှု အခြေအနေ သို့မဟုတ် USCIS ရုံးကိုရှာဖွေရန် uscis.gov သို့သွားရောက် လေ့လာနိုင်ပါသည်။ USCIS နံပါတ်ဖြစ်သည့် 800-375-5283 သို့ဖုန်းခေါ်ဆိုနိုင်သည်။ နား မကြားသူ၊ အကြားအာရုံ အခက်အခဲရှိသူ သို့မဟုတ် ဆွံ့အ မသန်စွမ်းသူများအနေဖြင့် TTY 800-767-1833 သို့ ဖုန်းခေါ်ဆို နိုင်ပါသည်။ ဝန်ဆောင်မှုကို အင်္ဂလိပ်ဘာသာနှင့် စပိန် ဘာသာဖြင့် ရရှိနိုင်ပါသည်။ USCIS ဆက်သွယ်မှု စင်တာဖြစ်သည့် uscis.gov/contactcenter သို့လည်းသွားရောက် လေ့လာနိုင်ပါသည်။

### USCIS အရင်းအမြစ်များ

**အမေရိကန်ပြည်ထောင်စု နိုင်ငံသားနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ဆောင်မှုများ (USCIS)**

USCIS သည် အမေရိကန်ပြည်ထောင်စု အတွင်းသို့ တရားဝင် ပြောင်းရွှေ့နေထိုင်ခြင်း ကို ကြီးကြပ်ပါသည်။ အမြဲတမ်း နေထိုင်ခွင့် လက်မှတ် (အစိမ်းရောင်ကဒ်) လျှောက်ထား ခြင်း၊ အမေရိကန် နိုင်ငံသားအဖြစ် ခံယူခြင်း၊ မိသားစုနှင့် ပြန်လည် ပေါင်းစည်းခြင်း၊ ပြည်ပသို့ ခရီးသွားရန် ခွင့်ပြုချက် ရယူခြင်းတို့ကို မည်သို့ လျှောက်ထားနိုင်ကြောင်း လေ့လာနိုင်ပါသည်။

**ဒုက္ခသည်များနှင့် နိုင်ငံရေး ခိုလှုံသူများအတွက် အရင်းအမြစ်များ**

uscis.gov/howdoi/refugeesasylees

## USCIS အရင်းအမြစ်များ

**အမေရိကန် ပြည်ထောင်စုမှ ကြိုဆိုပါသည် - ရွှေ့ပြောင်းနေထိုင်သူအသစ်များအတွက် လမ်းညွှန်**

အမေရိကန် ပြည်ထောင်စုရှိ သင်နှင့် သင့်မိသားစု၏ နေ့စဉ်ဘဝအတွက် လိုအပ်သည့် အခြေခံ အချက်အလက်များကို ၎င်းလမ်းညွှန်က မိတ်ဆက်ပေးပါမည်။ သင်၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများ၊ သင်၏ ဒေသခံ အသိုင်းအဝိုင်းအတွင်းသို့ ပါဝင်နိုင်ရန် အကြံညာဏ်များ ပေးအပ်ခြင်းနှင့် တရားဝင် အမြဲတမ်းနေထိုင်သူ ဖြစ်သည်နှင့် တစ်ပြိုင်နက် အမေရိကန်နိုင်ငံသား စီစဉ်လျှောက်ထားရန် အချက်အလက်များပါဝင်ပါသည်။

uscis.gov/newimmigrants

**အမေရိကန်ပြည်ထောင်စုတွင် အခြေချနေထိုင်ခြင်း**

အမေရိကန် ပြည်ထောင်စုအကြောင်း၊ ပညာရေးနှင့် ကလေးစောင့်ရှောက်မှု၊ အရေးပေါ်နှင့် လုံခြုံရေး၊ အမေရိကန် ပြည်ထောင်စုပြင်ပသို့ ခရီးသွားခြင်း၊ အလုပ်အကိုင်၊ အမေရိကန် ပြည်ထောင်စုတွင် အခြေချနေထိုင်ခြင်း၊ အစိုးရ အကျိုးခံစားခွင့်များ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပိုက်ဆံနှင့် ဘဏ္ဍာရေးတို့၏ အချက်အလက်များကို အောက်ပါ ဝက်ဘ်ဆိုဒ်တွင် ရရှိနိုင်ပါသည်။

uscis.gov/tools/settling-us

**နိုင်ငံသား အရင်းအမြစ် စင်တာ**

အမေရိကန်နိုင်ငံသားဖြစ်လာရန် ပြင်ဆင်ပေးသည့် ပညာရေးပေး ကိရိယာများနှင့် အချက်အလက်များကို အောက်ပါ ဝက်ဘ်ဆိုဒ်တွင် ရရှိနိုင်ပါသည်။

uscis.gov/citizenship

# USCIS အရင်းအမြစ်များ

## လိမ်လည်မှုများကို ရှောင်ကြဉ်ပါ

ရွှေ့ပြောင်းနေထိုင်ခြင်းနှင့် စပ်လျဉ်းပြီး ဥပဒေရေးရာအကြံဉာဏ်များ လိုအပ်ပါက သင်၏ ကူညီသူသည် ဥပဒေရေးရာ အကြံဉာဏ်ပေးပိုင်ခွင့်ရှိသူဖြစ်ရန် အရေးကြီးပါသည်။ အမေရိကန်ပြည်ထောင်စု တရားရေးရာဌာနမှ အသိအမှတ်ပြုထားသော အဖွဲ့အစည်းအတွက် လုပ်ကိုင်နေသော ရှေ့နေ သို့မဟုတ် အသိအမှတ်ပြုထားသော ကိုယ်စားလှယ်ကသာလျှင် သင့်အား ဥပဒေရေးရာ အကြံဉာဏ် ပေးနိုင်ပါသည်။

uscis.gov/avoid-scams

uscis.gov/avoid-scams/find-legal-services

## ဖောင်ပုံစံများ

အလုပ်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း၊ အလုပ်လုပ်ကိုင်ခွင့် သက်တမ်းတိုးခြင်း သို့မဟုတ် စာရွက်စာတမ်း အစားထိုးရန် **I-765 ပုံစံ** ကို အသုံးပြုပါ။

uscis.gov/i-765

သင်၏ အိမ်ထောင်ဖက်သို့မဟုတ် ကလေးများကို အမေရိကန်ပြည်ထောင်စုသို့ ခေါ်ဆောင်လာရန် **I-730 ပုံစံ** ကို အသုံးပြုပါ။

uscis.gov/i-730

ဒုက္ခသည် ခရီးသွား စာရွက်စာတမ်းများ လျှောက်ထားခြင်းဖြင့် အမေရိကန်ပြည်ထောင်စု အတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ကို တောင်းခံရန် **I-131 ပုံစံ** ကိုအသုံးပြုပါ။

uscis.gov/i-131

သင်သည် အမေရိကန်ပြည်ထောင်စုအတွင်းသို့ ရောက်ရှိနေပါက တရားဝင် အမြဲတမ်းနေထိုင်ခွင့်ကို လျှောက်ထားရန် **I-485 ပုံစံ** ကိုအသုံးပြုပါ။

uscis.gov/i-485

## USCIS အရင်းအမြစ်များ

အမေရိကန်နိုင်ငံသားအဖြစ် လျှောက်ထားရန် **N-400 ပုံစံ** ကိုအသုံးပြုပါ။

uscis.gov/n-400

သင်၏ နေရပ်လိပ်စာအသစ်ကို USCIS သို့အသိပေးရန် **AR-11 ပုံစံ** ကိုအသုံးပြုပါ။

uscis.gov/ar-11

**myUSCIS**

ရွှေ့ပြောင်းနေထိုင်ခြင်း အကျိုးခံစားခွင့်များအတွက် လျှောက်လွှာ လုပ်ငန်းစဉ်အကြောင်း နောက်ဆုံးပေါ် အချက်အလက်များ ရှာဖွေခြင်း၊ နိုင်ငံသားအဖြစ် လျှောက်ထားရန် ကူညီပြင်ဆင်ပေးသည့် အချက်အလက်များ၊ နိုင်ငံသားဖြစ်ရန် ပြင်ဆင်ခြင်း သင်တန်းများနှင့် သင်၏ ဒေသခံ အသိုင်းအဝိုင်းအတွင်းရှိ ဆရာဝန်များကို ရှာဖွေရန် အရင်းအမြစ်များကို ရရှိနိုင်ပါသည်။ လျှောက်လွှာတင်ခြင်း သို့မဟုတ် အွန်လိုင်းမှ တစ်ဆင့် လျှောက်ထားခြင်း၊ အွန်လိုင်းအကောင့်ဖွင့်ခြင်းဖြင့် သင်၏ လျှောက်လွှာအချက်အလက်များကို မည်သို့ရယူနိုင်ပုံကို လေ့လာနိုင်ပါသည်။

my.uscis.gov
myaccount.uscis.dhs.gov

# အခြားဖက်ဒရယ်အရင်းအမြစ်များ

ဒုက္ခသည်များနှင့် နိုင်ငံရေး ခိုလှုံသူများအတွက် ဖက်ဒရယ်အစိုးရဝန်ဆောင်မှုများအကြောင်း ထပ်ဆောင်း အချက်အလက်များကို အောက်ပါ ဇယားတွင် ရရှိနိုင်ပါသည်။

## ဖက်ဒရယ် အစိုးရ အရင်းအမြစ်များ

**အမေရိကန် ပြည်ထောင်စု ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုများ ဦးစီးဌာန ကလေးများ နှင့် မိသားစုများ အတွက် စီမံအုပ်ချုပ်ရေး ဒုက္ခသည်ပြန်လည်နေရာချထားရေးရုံး (ORR)**

သင်သည် ဒုက္ခသည်၊ နိုင်ငံရေးခိုလှုံသူ သို့မဟုတ် ၎င်းတို့၏ မိသားစုဝင်တစ်ဦးဖြစ်ပါက ORR မှတဆင့် ဝန်ဆောင်မှုများနှင့် အထောက်အပံ့ ရယူရန် သတ်မှတ်ချက် ပြည့်မီနိုင်ပါသည်။ ORR သည် ငွေကြေးနှင့် ဆေးဘက်ဆိုင်ရာ အကူအညီ၊ အလုပ်အကိုင်အတွက် ပြင်ဆင်ပေးခြင်း၊ အလုပ်အကိုင် နေရာချထားရေးနှင့် အင်္ဂလိပ် စာသင်တန်းများ အစရှိသည့် များပြားလှသည့် အစီအစဉ်များကို ရန်ပုံငွေထောက်ပံ့ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုလုပ်ပါသည်။ အထောက်အပံ့ အစီအစဉ် အများအပြားတွင် သင့်အား နိုင်ငံရေးခိုလှုံသူအဖြစ် သတ်မှတ်သည့် ရက်စွဲ သို့မဟုတ် ဒုက္ခသည်အဖြစ် နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ရက်စွဲမှစတင်သည့် အချိန်ကာလအကန့်အသတ်ရှိပါသည်။

***အစီအစဉ်များကို စိတ်ဝင်စားပါက သင့်အနေဖြင့် ပါဝင်နိုင်ခြင်းရှိမရှိ အမြန်ဆုံး လေ့လာသင့်ပါသည်။***

## ဖက်ဒရယ် အစိုးရ အရင်းအမြစ်များ

**ပြည်နယ် ဒုက္ခသည် ညှိနှိုင်းရေးမှူးများ/ ပြည်နယ် ဒုက္ခသည် ကျန်းမာရေးညှိနှိုင်းရေးမှူးများ**

acf.hhs.gov/orr/resource/orr-funded-programs-key-contacts

**ပြည်နယ် အစီအစဉ်များနှင့် အရင်းအမြစ်များ**

acf.hhs.gov/orr/state-programs-annual-overview

**ကျန်းမာရေးအာမခံ အရင်းအမြစ်များ**

acf.hhs.gov/orr/health

**တန်ဖိုးသင့်အိမ်ရာ အရင်းအမြစ်များ**

acf.hhs.gov/orr/resource/finding-affordable-housing

**အလုပ်အကိုင် အရင်းအမြစ်များ**

acf.hhs.gov/orr/employment-resources

**အမေရိကန်ပြည်ထောင်စု ပြည်နယ်ဦးစီးဌာန လူဦးရေ၊ ဒုက္ခသည်နှင့် ပြောင်းရွှေ့နေထိုင်မှု ဗျူရို၏ လက်ခံရေး နှင့် နေရာချထားရေး အစီအစဉ်**

အမေရိကန်ပြည်ထောင်စုအတွင်း ဒုက္ခသည်အဖြစ် အတည်ပြုခြင်းခံရပါက အမေရိကန် ပြည်ထောင်စု ပြည်နယ်ဦးစီးဌာနမှ ကြီးကြပ်လျက်ရှိသည့် လက်ခံရေးနှင့် နေရာချထားရေး အစီအစဉ်တွင် ပါဝင်သည့် ပြန်လည်အခြေချနေထိုင်ရေး အေဂျင်စီမှ သင့်အား ပံ့ပိုးပေးပါမည်။ သင်၏ အမေရိကန် ပြည်ထောင်စုသို့ ရောက်ရှိသည့် ပထမဆုံး ရက် ၃၀ မှ ရက် ၉၀ အထိ ဒေသခံရုံးနှင့် ချိတ်ဆက်ပေးခြင်း၊ ကနဦး ဝန်ဆောင်မှုများဖြစ်သည့် အိမ်ယာ၊ လိုအပ်သော ပရိဘောဂများ၊ အစားအသောက်၊

## ဖက်ဒရယ် အစိုးရ အရင်းအမြစ်များ

အဝတ်အထည်များအပြင် လူမှုရေး၊ ဆေးဘက်ဆိုင်ရာနှင့် အလုပ်အကိုင် ဝန်ဆောင်မှုများနှင့် သင်တန်းပေးခြင်း၊ အကူအညီ ပေးအပ်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ပေးရန် အဆိုပါ အေဂျင်စီတွင် တာဝန်ရှိပါသည်။ ***အမေရိကန်ပြည်ထောင်စုအတွင်း ဒုက္ခသည်အဖြစ် စတင်ရောက်ရှိသည့်အချိန်မှစ၍ သင်၏ ဒေသခံပြန်လည်အခြေချနေထိုင်ရေး အေဂျင်စီသည် အခြေချရန်အတွက် အကူအညီတောင်းခံသည့် ကနဦး နေရာဖြစ်ပါသည်။***

[state.gov/refugee-admissions/reception-and-placement](https://state.gov/refugee-admissions/reception-and-placement)

**အမေရိကန်ပြည်ထောင်စု ပြည်နယ်ဦးစီးဌာန လူဦးရေ၊ ဒုက္ခသည်နှင့် ပြောင်းရွှေ့နေထိုင်မှု ဗျူရို ယဉ်ကျေးမှုသင်တန်း အရင်းအမြစ် ဖလှယ်မှု (CORE)**

အမေရိကန်ပြည်ထောင်စု ပြည်နယ်ဦးစီးဌာန၏ ရန်ပုံငွေ ပံ့ပိုးမှုဖြင့် CORE သည် အမေရိကန်ပြည်ထောင်စုအတွင်းရှိ ဒုက္ခသည်များအတွက် ယဉ်ကျေးမှုသင်တန်းများ အမျိုးစုံလင်စွာ ပေးအပ်လျက်ရှိပါသည်။ ဝက်ဘ်ဆိုဒ်တွင် အာရေဗျ၊ ဖာဆီ၊ ကင်ညာဝန်ဒါ၊ နှင့် ဆိုမာလီ ဘာသာစကားဖြင့် အကြောင်းအရာများကို ရရှိနိုင်ပါသည်။ CORE သည် အမေရိကန်ပြည်ထောင်စုတွင် သင့်အား ယဉ်ကျေးမှုအရ လိုက်လျောညီထွေဖြစ်အောင် ကူညီပေးပါလိမ့်မည်။ ***အလုပ်အကိုင်၊ အိုးအိမ်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပိုက်ဆံစီမံခန့်ခွဲမှုနှင့် အမေရိကန်ပြည်ထောင်စုတွင် ရှိသော သင်၏ဘဝကို လိုက်လျောညီထွေအောင် ကူညီပေးမည့် အခြားကဏ္ဍများအတွက် CORE က ကူညီပေးပါမည်။***

[corenav.org](https://corenav.org)

## ဖက်ဒရယ် အစိုးရ အရင်းအမြစ်များ

**အမေရိကန် အလုပ်သမားရေးရာဌာန (DOL)**

DOL သည် အမေရိကန်ပြည်ထောင်စု၏ လုပ်အားခရရှိသူများ၊ အလုပ်အကိုင်ရှာဖွေသူများနှင့် အငြိမ်းစားများ၏ လူမှုဖူလုံရေးကို တိုးမြှင့်မြှင့်တင်ပေးသည်။ အမြတ်အစွန်းရသော အလုပ်အကိုင်အခွင့်အလမ်းများကို တိုးမြှင့်ရန် လုပ်ကိုင် ဆောင်ရွက်ပြီးနှင့် အလုပ်နှင့်ဆက်စပ်သော အကျိုးခံစားခွင့်များနှင့် အခွင့်အရေးများကို အာမခံသည်။

***careeronestop.org. ကိုသွားရောက် လေ့လာကြည့်ပါ။ အလုပ်အကိုင် ရှာဖွေခြင်းနှင့် အသိုင်းအဝိုင်းအတွင်း သင်တန်းပေးခြင်းများ အကြောင်း သိရှိနိုင်ပါသည်။***

**အလုပ်သမား အခွင့်အရေး အရင်းအမြစ်များ**

dol.gov

**အမေရိကန်အလုပ်အကိုင်အခွင့်အလမ်းများ (DOL မှပံ့ပိုးသည်)**

careeronestop.org

877-US2-JOBS (877-889-5627 (TTY))

**အမေရိကန်တရားရေးရာဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမား အခွင့်အရေး ကဏ္ဍ**

အမေရိကန် တရားရေးရာ ဌာန၏ လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမား အခွင့်အရေးကဏ္ဍသည် လူဝင်မှု ကြီးကြပ်ရေး နှင့် နိုင်ငံသားအက်ဥပဒေ၏ ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေးကို ပြဋ္ဌာန်းထားပါသည်။ ဤပြဋ္ဌာန်းချက်သည် အလုပ်ရှင်များမှ အလုပ်ခန့်အပ်ခြင်း၊ အလုပ်ထုတ်ပယ်ခြင်း သို့မဟုတ် လူသစ်ခေါ်ယူခြင်း သို့မဟုတ် အကျိုးဆောင်ခများ လုပ်ကိုင်ဆောင်ရွက်သည့်အခါ နိုင်ငံသား

## ဖက်ဒရယ် အစိုးရ အရင်းအမြစ်များ

ဖြစ်ခြင်း နှင့် မူရင်း နိုင်ငံသား အပေါ် ခွဲခြား ဆက်ဆံခြင်းမပြုရန် တားမြစ်ထားသည်။ မတရားသော အလေ့အကျင့်များနှင့် ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမှုလည်း တားမြစ်ထားသည်။ ***အလုပ်အကိုင် ရှာဖွေနေစဉ် သို့မဟုတ် အလုပ်ခွင်အတွင်း သင်၏ မူရင်းနိုင်ငံ သို့မဟုတ် သင်သည် ဒုက္ခသည် သို့မဟုတ် နိုင်ငံရေးခိုလှုံသူ ဖြစ်ခြင်းကြောင့် တရားမျှတခြင်းမရှိသော ဆက်ဆံမှုများရှိသည်ဟု ထင်မြင်ခဲ့သော် လူဝင်မှုကြီးကြပ်ရေးနှင့် အလုပ်သမားအခွင့်အရေး ကဏ္ဍမှ သင့်အား ကူညီနိုင်ပါသည်။***

**နိုင်ငံသား သို့မဟုတ် ရွှေ့ပြောင်းနေထိုင်မှု အပေါ် အခြေခံ၍ အလုပ်အကိုင်ခွဲခြားဆက်ဆံမှုနှင့် ပတ်သက်သော အရင်းအမြစ်များ**

justice.gov/crt/immigrant-and-employee-rights-section

800-255-7688 (800-237-2515 (TTY))

**လူမှုဖူလုံရေး စီမံခန့်ခွဲမှု**

လူမှုဖူလုံရေးခံစားခွင့်များကို ရယူခြင်းနှင့် အခြားအစိုးရ အလုပ်အကိုင်များ လျှောက်ထားရန်အတွက် လူမှုဖူလုံရေးနံပါတ် လိုအပ်သည်။ ***သင်သည် လူမှုဖူလုံရေးနံပါတ်နှင့် ကဒ်တစ်ခုရရန် လိုအပ်သည်။ ဒုက္ခသည်များနှင့် နိုင်ငံရေးခိုလှုံသူများအတွက် တိကျသောသတင်းအချက်အလက်များကို ဒီဝက်ဘ်ဆိုက်တွင် လေ့လာနိုင်ပါသည်။***

ssa.gov/people/immigrants

800-772-1213 (800-325-0778 (TTY))

*ဒုက္ခသည်များနှင့် နိုင်ငံရေးခိုလှုံသူများကို USCIS မှကြိုဆို ပါသည်* အတွက် ဓာတ်ပုံများအသုံးပြုခွင့်ကို USCIS မှ ဝယ်ယူ ထားပါသည်။ USCIS မှ အဆိုပါ ဓာတ်ပုံများ ကို သီးသန့်အသုံးပြုခွင့်နှင့် လွှဲပြောင်းအသုံးပြုခြင်းမှ ကန့်သတ်ခွင့် လိုင်စင် ရယူထားပါသည်။ မူရင်းဓာတ်ပုံ ပိုင်ဆိုင်သူတွင် ဓာတ်ပုံများနှင့် သက်ဆိုင်သော မူပိုင်ခွင့် အပြင် အခြားအခွင့်အရေးများကို ရှိပါသည်။ အဆိုပါ ဓာတ်ပုံများသည် အများသုံးဒိုမိန်းများတွင် မရှိပါ။ ယခု ပုံနှိပ်ထုတ်ဝေချက်မှလွဲပြီး အခြားနေရာများတွင် အသုံးပြု ခွင့်မရှိပါ။

U.S. Citizenship and Immigration Services

uscis.gov